စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန
ပဲခူးတိုင်းဒေသကြီး၊ပြည်မြို့။

၂၀၂၀-၂၀၂၁ ခုနှစ် Integrated Farming System
ဘက်စုံစိုက်ပျိုးမွေးမြူရေးပေါင်းစည်းလယ်ယာစနစ်
ဆောင်ရွက်သည့်လုပ်ငန်းတင်ပြချက်

ပြည်မြို့နယ်၏ဒေသဆိုင်ရာအချက်အလက်များ



အုပ်စုပေါင်း	-	၆၀ အုပ်စု
ရွာခွဲပေါင်း	-	၂၇၈ ရွာ
လူဦးရေပေါင်း	-	၂၂၇၈၅၇ ဦး
အကျယ်အဝန်း	-	၄၈၀ စတုရန်းမိုင်
ပင်လယ်ရေ		
မျက်နှာပြင်အထက်	-	၁၈၀ ပေ
မိုးရေချိန် ရွာရက်	-	၇၂ ရက်
လက်မ	-	၃၄.၆၈
ပုံမှန်ထက်ရွာရက်	-	၁၂
လက်မ	-	၂၂.၉၂

နိဒါန်း

- ဘက်စုံစိုက်ပျိုး မွေးမြူရေးပေါင်းစည်းလယ်ယာစနစ်ကို ဆောင်ရွက်ခြင်းဖြင့် တောင်သူများစိုက်ပျိုးရေးလုပ်ငန်းတွင်သာမကဘက်စုံမွေးမြူရေးစနစ်များကိုပါ လေ့လာသိရှိစေရန်။
- စီးပွားရေးတွက်ချေကိုက်သော ဘက်စုံနည်းစနစ်များကို တောင်သူများ ရွေးချယ်တတ်စေရန်။

ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းဆောင်ရွက်ရသည့် အကြောင်းအရင်း

- တောင်သူများ စပါးသီးနှံတစ်မျိုးတည်းသာ စိုက်ပျိုးပြီးဝင်ငွေအကျိုးအမြတ် ရရှိခြင်းထက် ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းဆောင်ရွက်ပြီးတောင်သူများ ဝင်ငွေအကျိုးအမြတ်ပိုမိုရရှိစေရန်။

ဆောင်ရွက်ရသည့်ရည်ရွယ်ချက်

- ကျေးလက်နေတောင်သူများစပါးသီးနှံတစ်မျိုးတည်းစိုက်ပျိုး၍ဝင်ငွေအကျိုးအမြတ်ရရှိမှုနည်းလမ်းမဟုတ်ဘဲ တခြားနည်းလမ်းများကိုပါရရှိစေရန်။
- ကျေးလက်နေတောင်သူများ တစ်နေရာ၏တစ်ချိန်ထဲမှဝင်ငွေတိုးတက်ကောင်းမွန်စေသည့် နည်းလမ်းအချက်အလက်များသိရှိလာနိုင်စေရန်။
- ကျေးလက်နေတောင်သူများစီးပွားရေးတွက်ချေကိုက်ပြီး ဝင်ငွေတိုးတက်လာစေရန်။
- ကျေးလက်နေတောင်သူများ လူမှုစီးပွားဘဝမြင့်မားတိုးတက်စေရန်။

ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းဆောင်ရွက်ထားရှိသည့် တည်နေရာ

ဆောင်ရွက်သည့်တည်နေရာ – ပြည်-အောင်လံကားလမ်းဘေးရှိ ဇီးအုပ်စိုက်ပျိုးရေး ဆိုင်ရာလူထုအခြေပြု လေ့လာမှုစခန်းဧရိယာအတွင်း

ပေါင်းစည်းလယ်ယာစနစ်တွင် ပါဝင်သောလုပ်ငန်းများ – စပါး+ဟင်းသီး/ရွက်+ငါး+ဝက်+ကြက်+ဘဲ

ဆောင်ရွက်ထားရှိသည့်ဧရိယာ – ၅.၀၀ ဧက

ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းဆောင်ရွက်သည့် တည်နေရာ

ဆောင်ရွက်ပြီးစီးမှုအခြေအနေ

စပါး	-	၂.၀၀ (ဧက)
ဟင်းသီး/ရွက်	-	၀.၅၀ (ဧက)
ငါး	-	၁၀၀၀ (ကောင်)
ဝက်	-	၅ (ကောင်)
ကြက်	-	၁၀၀ (ကောင်)
ဘဲ	-	၁၀၀၀ (ကောင်)

ဆောင်ရွက်ပြီးစီးသည့်ပုံစံအဆင့်ဆင့်

- စပါးစိုက်ပျိုးရာတွင် မျိုးသန့်မျိုးပွားမျိုးစေ့ဖြင့် မှော်ဘီ(၂)စပါးမျိုးကို စိုက်ပျိုးခြင်း။
- ဟင်းသီး/ရွက်စိုက်ပျိုးရာတွင် ကြက်သွန်နီ၊ ဆလပ်ပင်၊ နံနံပင်၊ မုန်ညှင်းပင်များကို စိုက်ပျိုးခြင်း။
- ဝက်မွေးမြူရာတွင် မျိုးဝက်မ(၅)ကောင်ကိုမွေးမြူထားရှိမည်ဖြစ်ပြီးမျိုးဝက်မ(၅)ကောင်မှ ဝက်မျိုးပွားခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်ခြင်း ။

ဆောင်ရွက်ပြီးစီးသည့်ပုံစံအဆင့်ဆင့်

- Integrated Farm တွင် ဒေသကြက် အကောင်(၁၀၀) နှင့်
- ဥစားဘဲ အကောင်(၁၀၀၀)ကိုလည်း ထည့်သွင်းမွေးမြူခြင်း။
- (၁.၀၀)ကော ကျယ်ဝန်းသော ငါးကန်ကိုတူးဖော်ပြီး ယိုးဒယားငါးပြေမ အကောင်ရေ(၁၀၀၀)ကိုလည်းမွေးမြူခြင်း လုပ်ငန်းများဆောင်ရွက်ခြင်း

Integrated Farming System တွင် စပါး+ဟင်းသီး/ရွက်+ငါး+ဝက်+ကြက်+ဘဲ စိုက်ပျိုးမွေးမြူထားရှိပုံ

Data ကောက်ယူသည့်အချက်အလက်များ

စဉ်	လုပ်ငန်းအကြောင်းအရာ	Data ကောက်ယူသည့်အချက်အလက်များ
၁	စပါး	ပျိုးထောင်ရက်၊စိုက်ရက်၊မျိုးကွဲပယ်ခြင်း၊စံကွက်ရိတ်သိမ်းခြင်း။
၂	ဟင်းသီး/ရွက်	ပိုးမွှားရောဂါကျရောက်မှုအခြေအနေစစ်ဆေးခြင်း။
၃	ဝက်	သက်တမ်းအလိုက်ကုန်ကျစရိတ်၊ကြီးထွားမှုနှုန်း။
၄	ကြက်	သက်တမ်းအလိုက်ကုန်ကျစရိတ်၊ကြီးထွားမှုနှုန်း။
၅	ဘဲ	သက်တမ်းအလိုက်ကုန်ကျစရိတ်၊ကြီးထွားမှုနှုန်း၊ဘဲဥနှုန်း။
၆	ငါး	သက်တမ်းအလိုက်ကုန်ကျစရိတ်၊ကြီးထွားမှုနှုန်း။

ရလဒ်

စဉ်	အမျိုးအမည်	ပထမ(၆)လ			ဒုတိယ(၆)လ		
		ဝင်ငွေ	ကုန်ကျစရိတ်	ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုး	ဝင်ငွေ	ကုန်ကျစရိတ်	ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုး
၁	စပါး	၉၆၀၀၀၀	၅၈၀၀၀၀	၁:၁.၆	၉၆၀၀၀၀	၅၈၀၀၀၀	၁:၁.၆
၂	ဟင်းသီး/ရွက်	၅၁၀၀၀၀	၃၂၃၃၀၀	၁:၁.၅	၅၁၀၀၀၀	၃၂၃၃၀၀	၁:၁.၅
၃	ငါး	၂၈၀၀၀၀	၁၀၂၀၀၀၀	၁:၀.၃	၂၈၀၀၀၀	၂၇၀၀၀၀	၁:၁.၁
၄	ဝက်	၁၈၂၀၀၀၀၀	၁၀၁၀၀၀၀၀	၁:၁.၈	၁၈၂၀၀၀၀၀	၈၁၀၀၀၀၀	၁:၂.၂
၅	ဘဲ	၁၅၆၀၀၀၀၀	၁၆၀၀၀၀၀၀	၁:၀.၉	၁၅၆၀၀၀၀၀	၁၀၅၀၀၀၀၀	၁:၁.၅
၆	ကြက်	၁၂၈၀၀၀၀	၁၇၄၀၀၀၀	၁:၀.၇	၁၂၈၀၀၀၀	၆၄၀၀၀၀	၁:၂
	စုစုပေါင်း	၃၆၈၃၈၀၀၀	၂၉၇၆၃၃၀၀	၁:၁.၂	၃၆၈၃၈၀၀၀	၂၀၄၁၃၃၀၀	၁:၁.၈

ဘက်စုံစိုက်ပျိုးမွေးမြူရေးစနစ်အားတောင်သူများမှလာရောက်လေ့လာနေပုံ

ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်အခက်အခဲများ

- ဘက်စုံစိုက်ပျိုး မွေးမြူရေးစနစ်သည် စတင်ဆောင်ရွက်ချိန်သည့်အချိန်တွင် ထိုက်သင့်အားလျော်သော အရင်းအနှီးများ ထည့်သွင်းရခြင်း။
- ဇီဝလုံခြုံရေးကောင်းမွန်ခြင်း မရှိပါက တိရိစ္ဆာန်များတွင်ရောဂါများကျရောက်ခြင်း။

တွေ့ရှိချက်

- ဝက်မွေးမြူရာတွင် ကိုယ်တိုင်ဝက်သားပေါက်မွေးမြူနိုင်ပါက အကျိုးအမြတ် ပိုမို ရရှိနိုင်ကြောင်း။
- ဝက်ခြံမှစွန့်ပစ်သည့်အညစ်အကြေးများကို အီးအမ်ဘိုကာရှိ ပြုလုပ်၍ ဆွေးမြည့် စေပြီး စပါးစိုက်ခင်း(၂.၀၀)ကေထဲသို့ ထည့်သွင်းစိုက်ပျိုးခဲ့၍ ပိုးမွှားရောဂါ ကျရောက်မှုနဲ့ပါးခြင်း။

တွေ့ရှိချက်

- ကြက်ခြံမှရရှိသည့်ကြက်ချေး၊ ဘဲခြံမှရရှိသည့်ဘဲချေးတို့ကိုလည်းအီးအမ်ဘိုကာရှိ ပြုလုပ်၍ ဆွေးမြည့်စေပြီး ဟင်းသီးဟင်းရွက် စိုက်ခင်းတွင် သဘာဝ မြေဩဇာအဖြစ် ထည့်သွင်းအသုံးပြုသည့်အတွက် ဘေးအန္တရာယ်ကင်းရှင်းသည့် ဟင်းသီးဟင်းရွက်များကို ရရှိခြင်း။
- Integrated Farming System စတင်ဆောင်ရွက်သည့်နှစ်တွင် တိရိစ္ဆာန်များ မွေးမြူရန် အဆောက်အဦးများ ဆောက်လုပ်ရသည့်အတွက် အကျိုးအမြတ်ဖြစ် ထွန်းမှုနည်းပါးခြင်း။

တိရိစ္ဆာန်မှအညစ်အကြေးများအားအီးအမ်ဘိုကာရှိပြုလုပ်ခြင်း

နိဂုံး

Integrated Farm ဆောင်ရွက်ခြင်းဖြင့် မှတ်တမ်းများကောက်ယူခြင်း၊ တောင်သူများအားခေါ်ယူပြသ၍ သုံးသပ်ချက်များအရလည်းကောင်း အားနည်းချက်၊ အားသာချက်များကို စီစစ်ပြီး တောင်သူများကိုယ်တိုင် လိုက်ပါဆောင်ရွက်ခြင်း၊ မိသားစုလုပ်အားများ ထည့်သွင်းနိုင်သည့်တောင်သူများအတွက် အကျိုးအမြတ်ပိုမိုရရှိ၍ဝင်ငွေတိုးပြီး ရေရှည်အတွက် ကောင်းမွန်သည့်လုပ်ငန်းဖြစ်၍ ဘက်စုံစိုက်ပျိုးမွေးမြူရေး ပေါင်းစည်းလယ်ယာစနစ်ကို စိတ်ပါဝင်စားစွာ လုပ်ဆောင်သွားမည်ဖြစ်ပါ သည်။

လမ်းညွှန်မှုခံယူပါမည်။